

DEFEND
MYANMAR
DEMOCRACY
အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး မှ
မြန်မာစစ်အုပ်စုကို ဖယ်ထုတ်ရန်
တော်လှန်ရေးအင်အားစု နှင့် အရပ်ဘက်
အဖွဲ့အစည်း ၃၃၃ ဖွဲ့ တောင်းဆို

DEFEND MYANMAR DEMOCRACY

# သို့

ဒေါက်တာ ခအိုကင်မ်ဟွန်း၊ အထွေထွေအတွင်းရေးမှူး

အာဆီယံအတွင်းဝန်များရုံး

ဝန်ကြီးချုပ် စုန်ဆိုင်းစီဖန်ဒုံး၊ လာအိုနိုင်ငံအစိုးရ

ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊

စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ

မိတ္တူကို

နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်

မြန်မာနိုင်ငံ၊ အမျိုးသားညီညွတ်ရေးအစိုးရ

အာဆီယံဆိုင်ရာအထူးကိုယ်စားလှယ် ဦးကျော်စွာဆွေ

ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ နော်ဝေး၊ ကိုးရီးယား

သမ္မတနိုင်ငံ၊ ရုရှား၊ ဆွစ်ဇာလန်၊ ယူကေ၊ အမေရိကန်ပြည်ထောင်စုတို့၏ နိုင်ငံခြားရေးဝန်ကြီးများ



၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၁၇ ရက်။

**အကြောင်းအရာ။** ။ မကြာမီကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အခမ်းအနားများတွင် မြန်မာပြည်သူများ၏ ဒီမိုကရေစီနည်းကျကိုယ်စားပြုမှုကိစ္စ။

DEFEND MYANMAR DEMOCRACY

# လေးစားအပ်ပါသော အာဆီယံခေါင်းဆောင်များ

လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့တော်တွင် ဇူလိုင်လ ၂၁ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပမည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အခမ်းအနားများနှင့် စပ်လျဉ်း၍ မြန်မာပြည်သူတို့၏ ဒီမိုကရေစီဆန္ဒကို ထောက်ခံအားပေးရန် တောင်းဆိုသည့် ဤအိတ်ဖွင့် ပေးစာကို မိမိတို့အဖွဲ့အစည်း ၂၀၃ ဖွဲ့ က လက်မှတ်ရေးထိုး ပေးပို့လိုက်ပါသည်။

အထူးသဖြင့် အောက်ပါတို့ကို ကျွန်ုပ်တို့ တောင်းဆိုသည် -

(၁) မြန်မာစစ်အုပ်စုကို အာဆီယံအစည်းအဝေးများနှင့် အခမ်းအနားများအားလုံးမှ ဖယ်ထုတ်ရန်

(၂) အာဆီယံအစည်းအဝေးများနှင့် အခမ်းအနားများအားလုံးတွင် မြန်မာပြည်သူလူထု ကိုယ်စားပြုအနေဖြင့် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံ ခေါင်းဆောင်များဖြစ်သော အမျိုးသားညီညွတ်ရေး အစိုးရကို တက်ရောက်ခွင့်ပေးရန်။

မြန်မာနိုင်ငံအစိုးရအဖွဲ့အစည်းများကို တရားဥပဒေနှင့် မလျော်ညီစွာ တရားမဝင် သိမ်းပိုက်ရယူထားပြီး၊ ပြည်သူများအပေါ် ဆိုးရွားပြင်းထန်သည့် အကြမ်းဖက်မှုများ လုပ်ဆောင်နေသည့် စစ်အုပ်စုအဖွဲ့ဝင်များအား အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်သည့်အခမ်းအနားအချို့သို့ ဖိတ်ကြားမည်ကို စိုးရိမ်ပူပန်ပါသည်။ ယခုကဲ့သို့ စိုးရိမ်ပူပန်ရခြင်းသည် လာအိုနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန် ယူစဉ် ယခုနှစ်အစောပိုင်းတွင် လောင်ဖရာဘန်းမြို့တွင် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ၏ Retreat အစည်းအဝေးသို့ စစ်အုပ်စု လက်အောက်ခံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် တက်ရောက်ခဲ့မှုကြောင့်လည်း ဖြစ်ပါသည်။



DEFEND MYANMAR DEMOCRACY

စစ်အုပ်စုခေါင်းဆောင်ပိုင်းများအား အဆင့်မြင့်အစည်းအဝေးများမှ ဖယ်ထုတ်ရန် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလကတည်းက ချမှတ်ခဲ့သည့် အာဆီယံ၏ ဆုံးဖြတ်ချက်ကို ပြန်လည်ဆင်ခြင်မည် ဆိုပါက ယခု ကျင်းပတော့မည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး နှင့် ဆက်စပ်အခမ်းအနားများသို့ စစ်အုပ်စုကိုယ်စားလှယ်များအား တက်ရောက်ရန် ဖိတ်ကြားမှုသည် ယင်းရက်သတ္တပတ်အတွင်း၊ ယင်းနေရာတွင်ပင် ယင်းဖိတ်ကြားထားသူများ အကြား ကျင်းပမည့် အဆင့်မြင့်အစည်းအဝေးများသို့ **"နောက်ဖေးဝင်ပေါက်" တစ်ခုကို ဖန်တီးပေး လိမ့်မည်**ဖြစ်ပါသည်။ လူကြီးမင်းများ သိရှိထားမည်ဖြစ်သည့်အတိုင်း အကြမ်းဖက်မှုများအား ရပ်တန့်ရန်နှင့် စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် အကြပ်အတည်းကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေး နှစ်ဖက် တွေ့ဆုံဆွေးနွေးအဖြေရှာရန် တောင်းဆိုထားသည့် အာဆီယံ၏ ဘုံသဘောတူညီချက် ၅ ရပ် ကို စစ်အုပ်စုက လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုကို တုန့်ပြန်သည့်အနေဖြင့် အာဆီယံသည် အဆိုပါရပ်တည်ချက်ကို ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းနောက်ပိုင်းတွင် စစ်အုပ်စုအနေဖြင့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ပြန်လည်ရရှိရန် ကြိုးပမ်းမှု သို့မဟုတ် တိုးတက်မှု တစ်စုံတစ်ရာကိုမျှ လုပ်ဆောင်ခဲ့ခြင်းမရှိသည်ကိုလည်း လူကြီးမင်းများ သရှိတိထားပြီးဖြစ်မည်ဟု မျှော်လင့်သည်။

အာဆီယံသည် မြန်မာစစ်အုပ်စု၏ "နိုင်ငံရေးအရကိုယ်စားမပြုသူ" ကိုယ်စားလှယ်များကို အစည်းအဝေးများသို့ ဖိတ်ကြားရန် ရည်ရွယ်သည်ဖြစ်သော်လည်း၊ **"စစ်အုပ်စု၏ နိုင်ငံရေးအရကိုယ်စားမပြုသူဆိုသည်မှာ မတည်ရှိကြောင်း"** ကို မဖြစ်မနေ မှတ်သားထားရန် လိုအပ်သည် ။ စစ်အုပ်စုက အာဏာသိမ်းရန် ကြိုးပမ်းမှုစတင်ပြီးနောက် မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများနှင့် အခြားအစိုးရအဖွဲ့အစည်း အသီးသီးမှ စစ်အုပ်စုအား ဆန့်ကျင့်သည့် ပြည်သူ့ဝန်ထမ်း သိန်းပေါင်းများစွာသည် နိုင်ငံအနှံ့အပြား၌ အာဏာဖီဆန်ရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြပြီး၊ ၎င်းတို့သည် တရားဥပဒေနှင့် လျော်ညီခြင်းမရှိသည့် တရားမဝင်စစ်အုပ်စု လက်အောက်တွင် အလုပ်လုပ်ရန် ငြင်းဆိုခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံတကာ အစည်းအဝေး တစ်ရပ်သို့ တက်ရောက်ရန် စစ်အုပ်စုက ရွေးချယ်စေလွှတ်သည့် ၎င်းတို့သိမ်းပိုက်ခံ အစိုးရ ဝန်ကြီးဌာနတစ်ခုမှ မည်သူပင်ဖြစ်စေ စစ်အုပ်စု၏ နိုင်ငံရေးအရ ကိုယ်စားပြုသူအဖြစ်သာ မှတ်ယူသင့်ပါသည်။

DEFEND MYANMAR DEMOCRACY

မြန်မာစစ်အုပ်စုသည် မည်သို့သော အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြင့်မဆို အစိုးရတရပ် မဟုတ်ကြောင်း၊ ၎င်းသည် အာဆီယံအစည်းအဝေးများနှင့် လုပ်ငန်းစဉ်များတွင် မြန်မာပြည်သူများကို ကိုယ်စားပြုရန် တရားဝင်မှုမရှိကြောင်း ကျွန်ုပ်တို့ ထောက်ပြလိုသည်။ လူကြီးမင်းများ သိရှိသည့်အတိုင်း ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ၊ ၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနည်းကျ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပခဲ့ပါသည်။ တောင်ပြိုကမ်းပြို အောင်ပွဲဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သောအစိုးရ တစ်ရပ်ကို မဲဆန္ဒရှင်များ က ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတကြောင်း၊ ရွေးကောက်ပွဲ ရလဒ်သည် မြန်မာပြည်သူလူထု၏ဆန္ဒကို ကိုယ်စားပြုကြောင်း အမှီအခိုကင်းသော ပြည်တွင်း၊ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများက တညီတညွတ်တည်း ကောက်ချက် ချခဲ့သည်။

သို့သော် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ ရက်နေ့တွင် မြန်မာစစ်တပ်သည် တရားမဝင် အာဏာသိမ်းရန် ကြိုးပမ်းမှုစတင်ခဲ့သည်။ ထိုအချိန်မှစ၍ တရားဥပဒေနှင့် မလျော်ညီသော တရားမဝင် စစ်အုပ်စုသည် ပြည်တွင်း ဝန်ကြီးဌာနများ၊ ဗဟိုဘဏ်၊ ပြည်ပသံရုံးများနှင့် ယခင်နိုင်ငံအဆင့် ကုန်သွယ်မှုနှင့် စက်မှုလက်မှုကုန်သည်ကြီး များအသင်းအပါအဝင် အစိုးရ အဖွဲ့အစည်း အများအပြားကို သိမ်းပိုက်ခဲ့ပြီး၊ မြန်မာနိုင်ငံအစိုးရအဖြစ် ဟန်ဆောင် ရပ်တည်ရန် ကြိုးပမ်းခဲ့သည်။ စစ်အုပ်စုသည် ၎င်းကိုယ်၎င်း "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ" ဟု ရည်ညွှန်း သုံးစွဲနေသော်လည်း ၎င်းတို့တွင် အစိုးရရုံးများကို အုပ်ချုပ်ပိုင်ခွင့် မရှိပေ။ စစ်အုပ်စုသည် မြန်မာနိုင်ငံ ဥပဒေအရ သာမက၊ နိုင်ငံတကာဥပဒေတွင် သတ်မှတ်ထားသည့် အကြမ်းဖက် အဖွဲ့အစည်း အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီ သည့် ရာဇဝတ်အဖွဲ့အစည်းတစ်ရပ် ဖြစ်သည့်အတွက် မြန်မာပြည်သူများက ငြင်းပယ်ထားသည်။

စစ်အုပ်စုသည် မြန်မာပြည်သူလူထုကို ဖိနှိပ်အုပ်ချုပ်နိုင်ရန် ရည်ရွယ်၍ နိုင်ငံအနှံ့တွင် အင်မတန် ရက်စက် ကြမ်းကြုတ်သော ရာဇဝတ်မှုများကျူးလွန်သည်။ ယနေ့အချိန်အထိ စစ်တပ်သည် လူပေါင်း ၅,၃၀၀ ကျော်အား သတ်ဖြတ်ခဲ့ပြီး၊ ၂၇,၀၀၀ ကျော်အားဖမ်းစီးခဲ့ကာ၊ ၂၀,၇၀၀ ကျော်အား အကျဉ်းချခဲ့သည်။ စစ်တပ်သည် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊ အရပ်သားပြည်သူများကိုပါ ပစ်မှတ်ထားသည့် လေကြောင်း တိုက်ခိုက် မှုများ၊ အမြောက်လက်နက်များဖြင့် ပစ်ခတ်မှုများ၊ လိင်ပိုင်းဆိုင်ရာနှင့် ကျား-မဖြစ်တည်မှု အခြေပြု အကြမ်းဖက် မှုများ၊ အကြီးအကျယ်ညှဉ်းပန်းနှိပ်စက်မှုများနှင့် မီးရှို့မှုများကို ကျူးလွန်ခဲ့သည်။ ယင်းရာဇဝတ်မှုများကြောင့် လူ ပေါင်း ၃ သန်းကျော်သည် ယခုအခါ နေရပ်စွန့်ခွာထွက်ပြေးခဲ့ ကြရသည်။ ဤရက်စက်ကြမ်းကြုတ်မှုများသည် စစ် ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ မြောက်သည့်လုပ်ရပ်များဖြစ်သည်။ နိုင်ငံတကာ ရာဇဝတ်ခုံရုံး (အိုင်စီစီ)နှင့် အာဂျင်တီးနားရှိ အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး ရှေ့မှောက်တွင် ရို ဟင်ဂျာများအပေါ် လူမျိုးတုံး သတ်ဖြတ်မှုနှင့် သားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ကျူးလွန်မှုဖြင့် တရားစွဲဆိုခံထားရသည့် စစ်တပ်ကပင် ကျူးလွန်နေခြင်း ဖြစ်သည်။

DEFEND MYANMAR DEMOCRACY

အစိုးရနှင့် လွှတ်တော်တို့မှ ကျန်ရှိသော ရွေးကောက်ခံ ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) ကို ဖွဲ့စည်းပြီး ၂၀၂၀ ရွေးကောက်ပွဲရလဒ်များမှ ရရှိလာသည့် လုပ်ပိုင်ခွင့်များအပေါ် အခြေခံ၍ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ကို ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် အာဆီယံနှင့် ဆက်စပ်အစည်းအဝေးများ အပါအဝင် နိုင်ငံတကာ ကဏ္ဍအားလုံးတွင် မြန်မာပြည်သူများအား ကိုယ်စားပြုရန် သင့်လျော်သည်မှာ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားသော အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ဖြစ်သည်။ အကယ်၍ ၎င်းတို့နှင့် ဆက်ဆံရေး မတည်ဆောက်ရသေးပါက လူကြီးမင်းတို့အနေဖြင့် တရားဝင် သံတမန်ဆက်ဆံရေး ထူထောင်ရန် ကျွန်ုပ်တို့ တိုက်တွန်းပါသည်။ NUG ကို ၎င်းတို့၏ တရားဝင် ဝဘ်ဆိုဒ်မှ တဆင့် ဆက်သွယ်နိုင်သည်။

နိုင်ငံခြားအစိုးရများသည် စစ်အုပ်စုအား အစိုးရတစ်ရပ်သဖွယ် ဆက်ဆံသည့်အခါဖြစ်စေ၊ စစ်အုပ်စု ကိုယ်စားလှယ်များအား နိုင်ငံတကာအသိုင်းအဝန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စေ့စပ်ဆောင်ရွက်ပေးသည့်အခါဖြစ်စေ၊ မြန်မာပြည်သူများအား ကြီးမားစွာ ထိခိုက်နစ်နာစေသည်။ ၎င်းတို့မှာ

- မြန်မာပြည်သူလူထု ကိုယ်စား စစ်အုပ်စုက တရားမဝင် ဆုံးဖြတ်ချက်များ ချမှတ်စေခြင်း၊
- မြန်မာစစ်အုပ်စုအား တရားဝင်ဖြစ်စေခြင်းနှင့် အစိုးရတရပ်အဖြစ် အသွင်ဖန်းနေသည့် ၎င်းတို့၏ တရားမဝင် ကြိုးပမ်းမှုကို အကူအညီဖြစ်စေခြင်း၊
- စစ်အုပ်စုအား နိုင်ငံတကာနှင့် ဆက်ဆံရေး တည်ဆောက်ရန်၊ ရန်ပုံဘဏ္ဍာငွေ နှင့် အရင်းအမြစ်များ ရရှိရန် အကူအညီဖြစ်စေခြင်း နှင့်
- စစ်တပ်ကနိုင်ငံကို အပြည့်အဝ ထိန်းချုပ်နိုင်ရန် ကြိုးပမ်းမှုတွင် အကူအညီဖြစ်စေခြင်း။

အာဆီယံနှင့် နိုင်ငံခြားအစိုးရများအနေဖြင့် စစ်ကောင်စီနှင့် ဆက်ဆံခြင်းသည် လက်ရှိနှင့် အနာဂတ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ခေါင်းဆောင်များ၏ အမြင်တွင် လူကြီးမင်းတို့ အစိုးရအပေါ် ယုံမှုကို ပျက်ယွင်းစေသည့် အခြေအနေသို့ကျရောက်စေသည်။ စစ်ကောင်စီနှင့် ဆက်ဆံရေးကို အာဆီယံအဖွဲ့အစည်းများက စေ့စပ်ဆောင်ရွက်ပေးသည့်အခါ၊ မြန်မာနိုင်ငံတွင်းရှိ လက်ရှိတင်းမာမှု များကိုလည်း ပိုမိုပြင်းထန်စေသလို အာဆီယံ၏ သံခင်းတမန်ခင်းနှင့် ကြားဝင်စေ့စပ်ညှိနှိုင်းရေး တို့အတွက် ၎င်း၏ ကျွင်းကျန်နေသေးသည့် ယုံကြည်စိတ်ချရမှုကို သိသိသာသာ ပျက်ပြားစေသည်။

DEFEND MYANMAR DEMOCRACY

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံအများအပြားသည် အာဆီယံအစည်းအဝေးများနှင့် အခမ်းအနားများတွင် စစ်အုပ်စုကိုယ်စားလှယ်များ ပါဝင်မှုအပေါ် ဆန့်ကျင်ကြသည် သို့မဟုတ် အနိမ့်ဆုံးအနေဖြင့် အလွန်စိုးရိမ်ပူပန်ကြသည်မှာ ထင်ရှားပါသည်။ ဥပမာအားဖြင့် အာဆီယံသည် ယခင်နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများနှင့် ထိပ်သီးဆွေးနွေးပွဲများတွင် စစ်အုပ်စုအား ဖယ်ကြဉ်ခဲ့ပြီး၊ ၂၀၂၆ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံအား ပေးအပ်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့အပြင် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး (ADMM) တွင်လည်း စစ်အုပ်စုကိုယ်စားလှယ် မြထွန်းဦးကို ပါဝင်တက်ရောက်ခွင့် မပြုခဲ့ပေ။ ဖိလစ်ပိုင်၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် စစ်အုပ်စုလက်ခံကျင်းပသည့် လေတပ်စစ်ဦးစီးချုပ်များညီလာခံကို သပိတ်မှောက်ခဲ့ကြသည်။ စင်ကာပူနိုင်ငံကလည်း ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာစစ်အုပ်စုနှင့် ရုရှားနိုင်ငံတို့ လက်ခံကျင်းပခဲ့သည့် ADMM-Plus အကြမ်းဖက်မှုတန်ပြန်နှိမ်နှင်းရေးသင်တန်းများကို သပိတ်မှောက်ခဲ့သည်။ ထိုလုပ်ရပ်အားလုံးကို မြန်မာပြည်သူများက ကြိုဆိုအသိအမှတ်ပြုခဲ့ကြ ပါသည်။

သို့သော်လည်း အာဆီယံအနေဖြင့် လေးနက်သည့် ရှေ့ဆက်လုပ်ဆောင်ချက်များ ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေပါသည်။ အာဆီယံအစည်းအဝေးများနှင့် အခမ်းအနားများမှ စစ်အုပ်စုအား ဖယ်ထုတ်ရန်နှင့် မြန်မာပြည်သူများကိုယ်စား ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက် ထားသော အစိုးရမှ ကိုယ်စားပြုခွင့်ပေးရန် လိုအပ်သည်။ ဤသို့လုပ်ဆောင်ချက်သည် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ စစ်အုပ်စုအား မြန်မာနိုင်ငံကို ကိုယ်စားပြုခွင့် မပြုသည့် ဆုံးဖြတ်ချက်နှင့် ကိုက်ညီပေမည်။ ယခုတောင်းဆိုချက်သည် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က တင်ပြခဲ့သည့် စိုးရိမ်ပူပန်မှုများကိုလည်း ပဲ့တင်ထပ်စေပါသည်။ ၎င်းသည် အာဆီယံ အစည်းအဝေးများတွင် မြန်မာစစ်အုပ်စု၏ ဝန်ထမ်းများအား တက်ရောက်ခွင့်မပြုရန် အကြံပြုထားသည်။ ထို့အပြင် "စစ်အုပ်စုဝန်ထမ်းများအား ဖိတ်ကြားခြင်းကို ပြန်လည် မရုတ်သိမ်းပါက အစည်းအဝေးမတက်ရောက်ကြရန်" အာဆီယံအဖွဲ့ဝင်နိုင်ငံများကို တောင်းဆိုထားသည်။ ထို့အပြင် အထူးကိုယ်စားလှယ်က "လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် မြန်မာပြည်သူများ၏ဆန္ဒကို ထောက်ခံသော အဖွဲ့ဝင်နိုင်ငံများသည် စစ်ကောင်စီ၏

FREE BURMA

DEFEND MYANMAR DEMOCRACY

တရားဝင် အစိုးရဖြစ်ကြောင်း မှာယွင်းသောအဆိုကို လူသိရှင်ကြား ဆန့်ကျင်ရန်နှင့် NUG ကို မြန်မာပြည်သူလူထု၏ တရားဝင် ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုရန်" တိုက်တွန်းထားသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လက်ရှိအခြေအနေ၊ သတင်းအချက်အလက်များကို သိရှိရန်ဖြစ်စေ၊ မြန်မာနိုင်ငံ၏ တရားဝင်အစိုးရ ကိုယ်စားပြုသူများနှင့် တရားမဝင် စစ်အုပ်စု ကိုယ်စားလှယ်များအား ခွဲခြားသိရှိနိုင်ရန်ဖြစ်စေ အကူအညီလိုအပ်ပါက ကူညီဆောင်ရွက်ပေးရန် ကျွန်ုပ်တို့ အသင့်ရှိနေပါသည်။ လူကြီးမင်း၏တုံ့ပြန်မှုကို စောင့်မျှော်လျက်ရှိပါသည်။ လူကြီးမင်းတို့၏ လုပ်ရပ်များသည် မြန်မာပြည်သူလူထုကို ထောက်ခံခြင်းလား သို့မဟုတ် ရက်စက်ပြီး တရားမဝင်သော စစ်အုပ်စုကို ထောက်ခံခြင်းလား ကျွန်ုပ်တို့ ဆက်လက် စောင့်ကြည့်သွားမည်။

ဤစာအား မြန်မာနိုင်ငံ နှင့် နိုင်ငံတကာမှ အရပ်ဘက်အဖွဲ့အစည်း ၃၃၃ ဖွဲ့ က လက်မှတ်ရေးထိုးထောက်ခံသည်။ အမည်ဖော်ပြထားသော အဖွဲ့အစည်း ၂၉၂ ဖွဲ့ နှင့် အမည်မဖော်ပြသော အဖွဲ့အစည်း ၄၂ ဖွဲ့ ပါဝင်သည်။

ဆက်သွယ်ရန်
Defend Myanmar Democracy
communication@defendmyanmardemocracy.org

POWER TO THE PEOPLE

1 Action Committee for Democracy Development (ACDD)
2 Action Group for Democracy and Human Rights
3 Ah Nah Podcast _ conversations with Myanmar
4 All Arakan Youth Organizations Network (AAYON)
5 ALTSEAN-Burma
6 Arakan CSO Network
7 Association of Human rights watch and documentation
8 Association Suisse-Birmanie (ASB)
9 Athan
10 Ayeyarwaddy West Development Organisation - AWDO (Magway)
11 Ayeyarwaddy West Development Organisation - AWDO (Nagphe)
12 Ayeyarwaddy Youth Network
13Burma Action Ireland
14 Burma Civil War Museum (BCM)
15 Center For Action Points (CAP)
16 CRPH & NUG Supporters Ireland
17 CRPH Funding Ireland
18 Dawna Tenasserim - IDPs Supply Force
19 Delta News Agency
20 Educational Initiatives Prague
21 Equality Myanmar
22 European Rohingya Council
23 Federal FM Mandalay
24 Forum Asia
25 Freedom and Labor Action Group (FLAG)
Future Thanlwin
27 Generation Wave Members of GSCB
28 Anti-coup Forces Coordination Committee (ACFCC -Mandalay)
29 General Strike Collaboration Committee (GSCC)
30 Myanmar Labor Alliance (MLA)
31Mandalay Strike Force (MSF)
32 Samgha Sammaga-Mandalay
33 Mandalay Alliance Coalition Strike
34 Mya Taung Strike
35 Mandalar University Students' Strike
36 Chanmyatharzi Township People's Strike
37 Maharaungmyay Township People's Strike
38 Mandalay Youth Strike
39 No.12 Basic Education Branch High School (Maharaungmyay) Students' Union
40 Co-operative University Mandalay Students' Strike
41 Mandalay-based People's Strike
42 Multi-Religions Strike
43 Myanmar Institute of Information Technology Students' Strike
44 Daung Sitthe Strike
45 Seinpann Strike
46 Industries Strike
47 Mandalay-Based University Students' Unions (M-DY_SUs)
48 Yadanabon University Students' Union ( YDNBUSU)
49 Ethnic Youth General Strike Committee (Mandalay)
50 Mandalay Medical Family (MFM)
51 White Coat Society Yangon (WCSY)
52 CDM Medical Network (CDMMN)
53 Alliance of Students' Union – Yangon (ASU-Yangon)
54 Civil Information Network (CIN)
55 Anti-Junta Alliance Yangon-AJAY
56 University Students' Unions Alumni Force
57 Monywa People's Strike Steering Committee
58 All Burma Federation of Student Unions (Monywa District)
59 Network of University Student Unions – Monywa

DEFEND MYANMAR DEMOCRACY

60 National League for Democracy (Monywa Township)
61 The 88 Generation Peace and Open Society (Monywa)
62 Thakhin Kodaw Mhine Peace Network (Monywa)
63 Former Political Prisoners and New Generation Group – Monywa
64 Civil Society Organizations Coordination Committee (Monywa)
65 Monywa-Amyint Road Strike Leading Committee
66 Yinmarpin and Salingyi All Villages Strike Committee
67 Pale Township People's Strike Steering Committee
68 Depayin Township Revolution Steering Committee
69 Latpadaung Region Strike Committee
70 Wetlet Revolution Leading Committee
71 Kachin Student Union
72 Coalition Strike Committee – Dawei
73 Dawei Youths Revolutionary Movement Strike Committee
74 Kalay Township Strike Committee
75 Magway People's Revolution Committee
76 Myingyan Civillian Movement Committee
77 Kyain Seikgyi Spring Revolution Leading Committee
78 General Strike Committee of Basic and Higher Education (GSCBHE)
79 Basic Education Worker Unions - Steering Committee (BEWU-SC)
80 Representative Committee of University Teacher Associations (RC of UTAs)
81 Basic Education General Strike Committee (BEGSC)
82 Action Committee of Basic Education Students (ACBES)
83 Women Alliance Burma (WAB)
84 Mandalay Women Strike
85 Yangon Women Strike
86 Monywa Women Strike
87 Monywa-Amyint Road Women Strike
88 Chindwin (West) Villages Women Strike
89 Kalay Women Strike
90 Depayin Women Strike
91 Taze Women Strike
92 Dawei ( Ashaetaw) Women Strike
93 Gangaw Women Strike
94 Thayat Chaung Women Strike
95 Wetlet Twonship Women Strike
96 LGBT Alliance
97 LGBT Union – Mandalay
98 Monywa LGBT Strike
99 LGBT Community Yangon
100 LGBT Alliance Myanmar (Kalay Region)
101 LGBT Alliance Myanmar (Kyaukse Region)
102 Pyi Gyi Tagon Strike Force
103 All Aung Myay Thar San Schools Strike Force
104 Twitter Team for Revolution (TTFR)
105 A-Yar-Taw People Strike
106 Chaung Oo Township Youth Strike Committee
107 Myaung Youth Network
108 5/ of Zaya State Strike
109 Shwe Pan Kone People s Strike Steering Committee
110 MayMyo Strike Force
111 Taze Strike Commitee

DEFEND MYANMAR DEMOCRACY

112 Yasakyo Township People s Strike Steering Committee
113 Dhobama (2021 Generation)
114 Gwa Township anti - junta Alliance
115 Human Rights Defenders and Promoters -HRDP
116 Human Rights Foundation of Monland
117 Info birmanie
118 Inlihtan Peninsula Tenasserim – IPT
119 Institute of Chinland Studies
120 International Association, Myanmar-Switzerland (IAMS)
121 Iron Adventure Force
122 Justice & Equality Focus
123 Karen Peace Support Network
124 Karenni Human Rights Group
125 Karenni National Women's Organization (KNWO)
126 Karenni Social Welfare & Development Center (KSWDC)
127 Kayan New Generation Youth - (KNGY)
128 Kayan Rescue Committee (KRC)
129 Kyae Lak Myay
130 KyWO Kayan Women's Organization
131 MAGGA Initiative
132 Mata စစ်ကိုင်းတိုင်း
133 Min Hla Farmers Group
134 Minbu Farmers Group
135 Myanmar Action Group Denmark
136 Myanmar Community Austria (MCA)
137 Myanmar Cultural Research Society (MCRS)
138 MyaYar Knowledge Tree
139 NRFF - New Rehmonnya Federated Force
140 Nyan Lynn Thit Analytica
141 Oway Institute
142 Progressive Voice
143 Pwintphyu Development Organisation
144 Rohingya Action Ireland
145 Save and Care Organization for Ethnic Women at Border Areas
146 Spring Friends
147 Tanintharyi Nationalities Congress – TNC
148 Tenasserim Student Unions' Network – TSUN
149 The Chin Center for Peace and Reconciliation
150 The Ladies Organization
151 US Campaign for Burma
152 White Coat Society Yangon
153 Women Advocacy Coalition-Myanmar
154 Yangon Deaf Group
155 Yangon Medical Network
156 ကမ်းလက်ကူ
157 ဒို့မြေကွန်ရက် ( LIOH )
158 နွေဦးရွက်သစ်ဆေးခန်း
159 ပွင့်ဖြူလယ်ယာမြေကွန်ရက်
160 မကွေးမြို့နယ်တောင်သူများ
161 မျိုးဆက်-Generations
162 မြန်မာမွတ်စလင်အစည်းအရုံး BMA
163 သောင်ရင်းသတင်းလွှာ
164 အညာလွင်ပြင်ရပ်ဝန်း

DEFEND MYANMAR DEMOCRACY

ထပ်တိုး၍လက်မှတ်ထိုးထောက်ခံသည့် အဖွဲ့အစည်း ၁၃၀ ဖွဲ့ တွင် လုံခြုံရေးအရ အမည်မဖော်ပြသော အဖွဲ့အစည်း ၂ ဖွဲ့ ပါဝင်သည်။

DEFEND MYANMAR DEMOCRACY

1 Alliance for Democracy in Myanmar (ADM)
2 Anti Dictatorship in Burma - DC Metropolitan Area
3 Arakan Peace Youth Network
4 Be A Light in The Darkness
5 Blood Money Campaign
6 Burmese Rohingya Organisation UK
7 Former ABSDF (C&A)
8 Free Rohingya Coalition (FRC)
9 Global Myanmar Spring Revolution (GMSR)
10 Global Myanmar Support Foundation
11 HTY Scout Channel
12 Information & Scout News (Hlaing)
13International Society of Myanmar Scholars and Professionals
14 Justice Movement for Community - Innlay
15 Kyauktada Strike Committee (KSC)
16 Kyimyindaing Scout Channel
17 Magway Region Human Rights Network (MHRN)
18 Mon State Development Center - MSDC
19 Muslims of Myanmar Multi-ethnic Consultative Committee (MMMCC)
20 Mya Yar Knowledge Tree
21 Myanmar Global Support Foundation (MGSF - Global)
22 Myanmar Tourism Committee
23 New Mynmar Foundation (NMF)
24 New Power Generation
25 No Boundary Supporting Group "NBSG"
26 NOK Information & Scout Echo
27 North Dagon & East Dagon News
28 OCTOPUS (Youth Organization)
29 People Defense and Supporting Force
30 Politics for Women Myanmar
31Progressive Muslim Youth Association (PMYA)
32 Queers of Burma Alternative
33 Rainbows in the Storm - မုန်တိုင်းကြားက သက်တံများ
34 Sisters2Sisters
35 Sitt Nyein Pann Foundation
36 Supporting Brothers- ထောက်ပို့ညီနောင်
37 Tamwe Nway Oo Channel
38 Technological Teachers' Federation - TTF (နည်းပညာဆိုင်ရာဆရာများအဖွဲ့ချုပ်)
39 Thaketa & Dawbon Scout Channel
40 Volunteers in Myanmar
41 Women Lead Resource Center (WLRC)
42 Yangon Public Relations (YPR)
43 Youth Empowerment (YE)
44 Youth Scout For Democracy (YSD)
45 ပြည်သူ့ကောင်းကျိုးဆောင်ထောက်ပို့အဖွဲ့
46 ပြည်သူ့ရင်ခွင်
47 သမိုင်းသယ်ဆောင်သူများ
48 အနာဂါတ်အလင်းရောင် ထောက်ပို့အဖွဲ့
49 Action Against Myanmar Military Coup (Sydney)
50 Burmese Community Support Group (Sydney)
51 Myanmar Campaign Network
52 Support 4 Myanmar
53 Western Australia Myanmar Community

DEFEND MYANMAR DEMOCRACY

56 Burmese Canadian Network , Myanmar Emergency Fund
57 Myanmar Student Association Ontario
58 Myanmar action group Denmark
59 Padauk, Suomi-Myanmar Seura and Myanmar Diaspora Group Finland
60 Doh Atu - Ensemble pour le Myanmar
61 CRPH, NUG Support Team Germany - Deutschland
62 Italy - Burma Friendship Association
63 Myanmar Community in Italy
64 Federation of Worker's Union of Burmese Citizens in Japan (FWUBC)
65 League for Democracy in Burma ( LDB,Japan )
66 Myanmar Nationalities' Support Organization-JP (MNSO)
67 Myanmar's Youth Association Hokkaido (MYAH) HOKKAIDO
68 Palaw Supporting Group - Malaysia
69 Yaw Funding Malaysia
70 Netherlands Myanmar Solidarity Platform
71 8888 Generation (New Zealand)
72 All Burma Democratic Face
73 Auckland Kachin Community NZ
74 Auckland Zomi Community
75 Burmese Community Group (Manawatu, NZ)
76 Burmese Rohingya Welfare Organisation New Zealand
77 Chin Community of Auckland
78 Citizen of Burma Award - New Zealand
79 Dunedin Myanmar Community New Zealand
80 Federal Myanmar Benevolence Group (NZ)
81 Karenni Society New Zealand
82 Myanmar Community Christchurch New Zealand
83 Myanmar Engineers - New Zealand
84 Myanmar Gonye (New Zealand)
85 Myanmar Students' Union in New Zealand
86 National Advocacy Group - New Zealand
87 Nelson Myanmar Community New Zealand
88 New Zealand Doctors for NUG
89 New Zealand Karen Association
90 New Zealand Zo Community Inc.
91 Overseas Mon Association. New Zealand
92 Rvwang Community Association New Zealand
93 Save Myanmar Fundraising Group (New Zealand)
94 Shan Community (New Zealand)
95 Aung San Suu Kyi Park Norway
96 Burma Human Rights Network
97 Chin Comunity in Norway
98 CRPH Support Group, Norway
99 K'cho Ethnic Association
100 Kachin Association Norway
101 Matu Burma Foundation
102 Myanmar Baptist Churches in Norway
103 Myanmar Catholic Community In Norway
104 Myanmar Hindu Community - Norway
105 Myanmar Muslim Organization - Norway
106 Norway Falam Community
107 Norway Matu Community
108 Norway Rawang Community
109 Norway-Myanmar Democratic Force
110 Rohingya Community in Norway
111 Youth for democratization of Myanmar (UDM)
112 Zomi Christian Fellowship of Norway
113 Zomi Community Norway
114 Palaw Supporting Group - Singapore
115 YW Funding Singapore

116 Association Suisse-Birmanie International Association, Myanmar Switzerland (IAMS) Switzerland
117 National Alliance Bangkok Thailand
118 Palaw Supporting Group - Thailand Thailand
119 Yaw Funding Thailand Thailand
120 Burma Campaign UK UK
121 With Myanmar UK UK
122 Campaign for a New Myanmar USA
123 Helping Hands for Burma (H2B)USACM USA
124 No Business With Genocide USA
125 Save Myanmar - USA USA
126 Sone Yay Foundation USA
127 USACM. US Advocacy Coalition for Myanmar USA
128 We Support NUG-NB USA